# Bibliographic Data

| | |
|---|---|
| **Author** | ကြန် ၊ ဒေါ် KYAN, Daw Kran‘ , Do‘ **Art.** MK0006 |
| **Article Title** | ဂွေးချောင်းခံမြို့<br>(Gwe Chaung Fort)<br>Gve" khyon‘" kham mrui' |
| **Title (Book/Serial)** | စစ်ပြန်<br>Sit-pran |
| **Issue and Volume** | No. 101 |
| **Edition** | |
| **Place/ Publisher** | |
| **Distributor** | |
| **Ed. Date** | Feb. 1987 |
| **Pagination** | p. 129 - 146 |
| **Annotation** | After the Second Anglo - Burmese War ( 1852 - 53 ) Lower Burma became a British possession and the security of the Myanmar nation was threatened. King Mindon ordered construction of forts along the Ayeyawady River, one of which was Gwe Chaung Fortress. In 1881 Major Douglas Mcneil, a military intelligence officer in the Indian Army, travelled incognito up the Ayeyawady. He gathered detailed information and sketched the forts he passed through. This intelligence was of great help to General Prendergast in his attack on Gwe Chaung. |
| **Subject Terms** | 1. Gwe Chaung Fortress |
| **Key Words** | 1. Fortresses<br>2. Forts |

# ငွေးချောင်းခံမြို့

မကြန်

ပန်းချီ ခင်မောင်စန်း



ဗြိတိသျှတို့ လက်တွင်းသို့ အောက်မြန်မာပြည် ကျရောက်သွားပြီးသည့် နောက်ပိုင်းဝွင် မြန်မာမင်းပိုင် မြန်မာနိုင်ငံ၏ လုံခြုံရေး အလွန် အားနည်းသွားလေသည်။ ရန်သူတို့သည် သွားရေးလာရေး လွယ်ကူသော ဧရာဝတီမြစ်ကို လှေတပ် သင်္ဘောတပ်တို့ဖြင့် ဆန်တက်၍ နေပြည်တော်သို့ အလွယ်တကူ ထိပါးရန်မှုနိုင်သည်။ ထို့ကြောင့် မြန်မာတို့သည် နယ်ခြားမှတ်တိုင် သရက်မြို့မှ ရတနာပုံနေပြည်တော်အထိ ဧရာဝတီမြစ်ကြောင်းကို ရန်သူတို့ အလွယ်တကူ ဆန်တက်မလာနိုင်စေရန် ဆီးဆို့ခုခံရေး၊ ကာကွယ်ရေး အစီအစဉ်များကို အရေးတကြီး လုပ်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ခဲ့သော ဆင်ပေါင်ဝဲနယ်စစ်အောင်ခန်း ခံတပ်၊ ပန်းတော်ပြင်ကတုတ်၊ထူးပေါက်ကကုတ်၊ မင်းလှခံမြို့၊ ငွေးချောင်းခံမြို့၊ အဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့တို့ အနက်မှ ငွေးချောင်းခံမြို့အကြောင်း ရှာဖွေတွေ့ရှိရသမျှ တင်ပြပါမည်။

### တည်နေရာ

ငွေးချောင်းခံမြို့သည် ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်းတွင်တည်ရှိသည်။ လက်ယာကမ်းရှိ မင်းလှခံမြို့နှင့် မျက်နှာချင်းဆိုင်ဖြစ်၏။ ဧရာဝတီ ရေမျက်နှာပြင်မှ ပေ ၄၅၀ ခန့် မြင့်သောတောင်ကုန်းပေါ်တွင် တည်ရှိ၍ မတ်စောက်သော မြစ်ကမ်းနဖူးမှ ၃၅ ပေခန့်ထာ ကွာဝေးသည်။ ငါးမိုင်ခန့် ဝေးသောပတ္တနဂိုမှ လှည်းလမ်းပေါက်သည်၊ မိုင်ဝက်ခန့်အကွာတွင် ဘုရားကြီးရွာ ရှိသည်။ ခံမြို့တည်ထားရာကုန်းကို တပ်ကုန်း၊ကုလီကုန်းဟုလည်း ခေါ်ကြသည်၊ ငွေးကုန်းရွာအနီးရှိ ပေ ၁၂၀ခန့် မြင့်သော တောင်ကုန်းပေါ်တွင် စေတီဖြူဖြူတစ်ဆူ ရှိသည်။ ထိုစေတီ တည်ရှိရာကုန်းသည် ခံမြို့မှ ခြေလှမ်း ၄၀၀ ခန့် ဘုရားကြီးရွာမှ ခြေလှမ်း ၅၀၀ ခန့် ကွာဝေးသည်။

### အချောင်ကြီးစည်

မြန်မာတို့တွင် နှစ်လိုဖွယ် အစဉ်အလာကောင်းကလေး တစ်ခု ရှိ၏။ အဓိကရဖြစ်ရပ်များ အချက်အလက်များကို လင်္ကာကလေးဖြင့် မှတ်တတ်သော ဓလေ့ပင်ဖြစ်သည်။ ဥညြအော်မြည်ကုန်းဘောင်တည် (၁၁၁၅)၊ အုတ်ကျစ်ကျော်အေး မန္တလေး (၁၂၂၁)၊ မင်းပုံမှန်မှန်ပြော (၅၅၅၅၅) မင်းကွန်းခေါင်းလောင်း အလေးချိန် စသည်တို့ဖြစ်၏။ အလွန် ဆိုလို့ကောင်း၊ မှတ်လို့လည်း လွယ်ပေသည်။

ငွေးချောင်းခံမြို့ မင်းလှခံမြို့များ တည်သော သက္ကရာဇ်ကို စာပေ အထောက်အထား တိတိကျကျ မတွေ့ရချေ။ မင်းတုန်း မင်း လက်ထက်ဟု သာမန်မျှသာ သိကြသည်။ သို့သော် အချောင်ကြံစည် ခံမြို့တည်ဟု မှတ်သားခဲ့ရကြောင်း သက်ကြီးဝါကြီးများ ထံမှ တစ်ဆင့် ကြားသိရသည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၂၃ ခုနှစ်တွင် တည်ဆောက်သည်ဟု ဆိုရပေမည်။ ဒုတိယ အင်္ဂလိပ် မြန်မာစစ်အပြီး ဆယ်နှစ်ခန့်အကြာ ရတနာပုံနေပြည်တော် တည်ထောင်ပြီး၊ ၂ နှစ်ခန့် အကြာတွင် တည်ဆောက်ခြင်း ဖြစ်ပေမည်။ အချောင် ကြံစည်ဟူသော မှတ်သားချက်ကား အဓိပ္ပာယ် ထိထိမိမိ ရှိလှသည်ဟု ယူဆမိသည်။ ခုနှစ် ကိန်းဂဏန်းကို အက္ခရာ သင်္ကေတဖြင့် မှတ်ရိုးမှတ်စဉ် မှတ်သားခြင်း မှန်၏။ ထို့ပြင် ရန်သူတို့သည် နှစ်ကြိမ်တိုင်တိုင် ရန်ပြု၍ နိုင်ငံတော် ထက်ဝက်ကို သိမ်းပိုက်ခဲ့ပြီးပြီ။ ကျန်ရှိသေးသမျှသော နိုင်ငံတော်ကိုသည်း နောက်ထပ် အမျိုးမျိုး ကြံစည်ကာ အချောင် သိမ်းပိုက်ပေဦးမည့် ရန်ကို ခုခံကာကွယ်ရန် ခံတပ်များကို တည်ထားရပါသည်ဟု သတိပေးသည့် သဘော၊ လှုံ့ဆော်သည့် သဘောလည်း ပါသည်ဟု ဆိုချင်ပါသည်။

## ရန်သူတို့၏ ထောက်လှမ်းရေး

မြန်မာတို့က နိုင်ငံတော် လုံခြုံရေးအတွက် ကာကွယ်ရေး အစီအရင်များ လုပ်သည်။ အင်္ဂလိပ်တို့ကလည်း ထို လုပ်ငန်း မှန်သမျှကို နည်းအမျိုးမျိုးဖြင့် ထောက်လှမ်းလေ့လာ မှတ်သားသည်။ သီပေါမင်း နန်းတက်ပြီးနောက် အင်္ဂလိပ် မြန်မာ ဆက်ဆံရေး မပြေမလည် ဖြစ်လာသည့် အချိန်မှ စ၍ ထောက်လှမ်းရေး ပိုမို ခြေသွက်လာသည်။ အိန္ဒိယ စစ်ထောက်လှမ်းရေး ဌာန မှ မေဂျာဒေါက်ဂလပ်မက္ကနီလ်းသည် ၁၈၈၁ ခုနှစ် ဒီဇင်ဘာလတွင် ဧရာဝတီ အဆန် ကူးတို့စီးသင်္ဘောတွင် ခရီးသည် တစ်ဦး အသွင်ဖြင့်စီးနင်းလိုက်ပါကာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ခံမြို့များကို လေ့လာသည်။ ၁၈၈၂ ခု ဇန်နဝါရီလတွင် မက္ကနီလ်း ဧရာဝတီမြစ်ကြောင်း စုန်ဆင်း၍ ပြန်သွားသောအခါ မြန်မာတို့၏ ခံတပ် ခံမြို့များအကြောင်း၊ မန္တလေး နေပြည်တော်၏ ဝန်းကျင်ဒေသများ၊ စစ်ရေး အချက်အချာကျရာ မြစ်ကမ်းဒေသ မြို့ရွာများ၊ နိုင်ငံတော် ခရီးလမ်း၊ ပေါက် လမ်းဝများ စသည့် အရေးပါလှသော အကြောင်း အချက်အလက်များနှင့် မြေပုံဆွဲပုံ ဓာတ်ပုံများ အပြည့်အစုံ ပါသွားလေသည်။

မက္ကနီလ်းသည် ခံမြို့များကို ဝင်ရောက် ကြည့်ရှုခွင့် ရသွားသည်ကား မဟုတ်ပေ။ ရပ်သူ ရွာသားများ ထံမှ မေးမြန်း ထောက်လှမ်းသည်၊ အဝေးမှ သို့မဟုတ် အနီးကပ်နိုင်ဆုံးနေရာမှ ပုံကြမ်းဆွဲသည်၊ ဓာတ်ပုံရိုက်သည်။ ခံမြို့အနီးသို့ ကပ်နိုင်သွားနိုင်သော ဒေသခံ ရွာသားအချို့ကို အသုံးပြု၍ ခံမြို့တို့၏ အကျယ်အဝန်း အတိုင်းအတာ အနီးအဝေး အချက်အလက်တို့ကို စုဆောင်းသည်။ ထို့ကြောင့် မက္ကနီလ်း၏ အစီရင်ခံစာတွင် အကွာအဝေးများကို တိုင်းရင်းသားတို့၏ အလေ့အထ အသုံးအနှုန်း အတိုင်း ခြေလှမ်း မည်မျှကွာသည် စသည်ဖြင့် ဖော်ပြထားသည်၊ မြန်မာဘုရင့် အမှုတော်ကို လာရောက် ထမ်းရွက်နေကြသော နိုင်ငံခြားသားများ ထံမှ အကူအညီ ရလေမည်ကိုကားယုံမှားဖွယ်မရှိချေ။ ခံတပ်ခံမြို့များနှင့် စပ်လျဉ်း၍ မက္ကနီလ်း ရသွားသိသွားသော အတွင်းကျကျ အသေးစိတ် အချက်အလက်များကား အံ့ဩလောက်သည်။ ရင်နင့်ဖွယ် ရင်နာဖွယ်လည်း ကောင်းလှသည်။

## ပရင်ဒါဂတ်နှင့်ငွေးချောင်းခံမြို့

မြန်မာနိုင်ငံကို ၁၈၈၅ ခု နိုဝင်ဘာလတွင် တက်ရောက်သိမ်းပိုက်မည့် ဂျင်နရယ် ပရင်ဒါဂတ်လည်း ငွေးချောင်းခံမြို့ သို့ ၁၈၈၃ ခုနှစ်တွင် ဝင်ရောက် လေ့လာခဲ့ဖူးသည်။ ထိုစဉ်က ပရင်ဒါဂတ်သည် ဗြိတိသျှ မြန်မာပြည်တပ်မ၏ ဗိုလ်ချုပ်အဖြစ် တာဝန် ထမ်းဆောင်နေရသည်။

သရက်မြို့၌ ပရင်ဒါဂတ် ရှိနေစဉ် သရက်မြို့ အရေးပိုင်ဗိုလ်ချားသည် အောက်မြစ်စဉ်ဝန်နှင့် တွေ့ဆုံရန် မင်းလှသို့ သွားသည်။ အခန့်သင့် ကြုံသဖြင့် ပရင်ဒါဂတ်လည်း မင်းလှသို့ လိုက်သွားသည်။ မဟာ ဝန်ရှင်တော်မင်းကြီး ခရေ့ဇင်ဝိတ်၏ ဧရာဝတီ ခေါ် သင်္ဘောပေါ်တွင် ပရင်ဒါဂတ်သာ မက စစ်ဘက်အရာရှိများ၊ ပုလိပ်အရာရှိကြီးများ၊ စစ် ဘင်ခရာ အဖွဲ့နှင့် အမျိုးသမီးများပါ တပျော်တပါးကြီး ပါကြသည်။ ပရင်ဒါဂတ်နှင့် သူ၏ ကိုယ်ရံတော် ကက်ပတိန် စီဂျီဒေါနယ်တို့ကား ထိုအဖွဲ့တွင် အညတရအဖြစ် လိုက်ပါကြသည်။

အောက်မြစ်စဉ် ဝန်မင်းကား လောကဝတ် ကောင်းလွန်းလှသည်။ ဧည့်သည်များကို မင်းလှခံမြို့ ငွေးချောင်းခံမြို့များသို့ လိုက်လံပြသ သည်။ ဤသို့ဖြင့် မင်းလှခံမြို့ ငွေးချောင်းခံမြို့တို့ကို ပရင်ဒါဂတ်နှင့် သူ၏ ကိုယ်ရံတော် ဒေါနယ်တို့ သဘောရှိ လေ့လာခွင့် ရသွားသည်။ ပုံဆွဲဝါသနာပါသူ ပုံဆွဲ ကျွမ်းကျင်သူ ဒေါနယ်က ပုံများ ဆွဲယူသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ပရင်ဒါဂတ်က သူ၏မိတ်ဆွေတစ်ဦးထံ စာရေးရာတွင်....

ကျွန်ုပ်တို့လူစု ဝန်အိမ်သို့ လျှောက်သွားကြသည် ကို မြင်ရလျှင် သင်ပြုံးမိပေမည်၊ မြန်မာဝန်တို့သည် ရွှေထီးနှစ်လက်အမိုးခံရသည်။ ခံတပ်များကို ကြီးကြပ်ဆောက်လုပ်သူ အီတာလျံ အရာရှိ ကိုမိုတိုသည်ထီးနီ နှစ်လက် ဆောင်းရသည်။ ကျွန်ုပ်ကား အညတရ တစ်ဦးဖြစ်၍ ထီးတစ်လက်မျှပင် ဆောင်းခွင့်မရချေ။ မြန်မာနယ်မြေ မြန်မာဝန်၏ နေအိမ်တွင် ဗြိတိသျှ အမျိုးသားသီချင်းကို ဗြိတိသျှ စစ်တီးဝိုင်းက တီးမှုတ်သံကို ကြားရသည်မှာ ရင်ထဲတွင် ထူးခြားသော အရသာ တစ်မျိုး ခံစားရသည်။ ထိုထက် ရယ်စရာကောင်းသည်မှာ မြန်မာ အရာရှိများက ကျွန်ုပ်အား ခံတပ် တစ်ခုလုံးကို လိုက်လံပြသခြင်း ဖြစ်သည်။ ငွေးချောင်းခံတပ် တည်ဆောက်ပုံ အနေအထား အဆင်းအတက် အဝင်အထွက်များကို လည်းကောင်း၊ ခံတပ်ဝန်းကျင် နယ်မြေ အခြေအနေ၊ ခရီး လမ်းပေါက်လမ်းဝများကို လည်းကောင်း၊ ကျွန်ုပ်အသေးစိတ်လိုက်လံ လေ့လာမှတ်သားသည်ကို နည်းနည်းကမျှ မဟန့်မတား မကန့်ကွက်ဘဲ တေနာ်သန့်သန့်နှင့် ခွင့်ပြုထားသည်မှာ ရယ်ဖွယ်အကောင်းဆုံး ဖြစ်တော့သည်။

ဟု ရေးသားခဲ့သည်။ အောက်မြစ်စဉ်ဝန်ကား သူ့မိုးကိုမှ မေးရိုးကမ်းခဲ့မိလေသည်။

## ပနက်စနစ်




ဝေွးချောင်းခံမြို့၏ ပနက်စနစ်ပုံ

**မက္ကနီလ်း သိသွားသော ဝွေးချောင်းခံမြို့**

ဝေွးချောင်းခံမြို့သည် တည်ဆောက်သည့် အချိန်မှသော် နှစ်ပေါင်း တစ်ရာ့နှစ်ဆယ် ကျော်ခဲ့ပေပြီ။ တတိယ အင်္ဂလိပ် မြန်မာ စစ်အတွင်း ထိခိုက်ပျက်စီးမှုမျှသာမကဘဲ နှစ်တစ်ရာ ကျော်အတွင်း မိုးဒဏ်လေဒဏ်နှင့် အဖျက်အဆီး အမျိုးမျိုးဒဏ် တို့ကို ခံခဲ့ရသဖြင့် ယခု တွေ့မြင်နေရသမျှဖြင့် မူလခံမြို့၏ အခြေ အနေကို မှန်းဆရန် ပုံဖော်ကြည့်ရန် မလွယ်ချေ။ နိုင်ငံခြားသား အတတ်ပညာရှင် ကိုမိုတိုက ကြီးကြပ် ဆောက်လုပ်သည်ဟု သာ မန်မျှသာ သိရသည်။ မည်သို့တည်ဆောက်ခဲ့သည်၊ ထုထည် မည်မျှ ကြီးမားခိုင်မာခဲ့သည်၊ မည်သည့်ပုံစံ ရှိသည်တို့ကို တိတိ ကျကျ သိနိုင်ရန် အထောက်အထားများကား မတွေ့ရတော့ပြီ။ ပျက်စီး ပျောက်ကွယ် ကုန်ကြပြီဟုသာ ကောက်ချက် ချရတော့ သည်။ ထို့ကြောင့် တတိယ အင်္ဂလိပ် မြန်မာစစ် မဖြစ်မီအချိန် က ဝေွးချောင်းခံမြို့ အကြောင်းကို သိရန် မက္ကနီလ်း ရေးသား ဖော်ပြသမျှကိုပင် အားကိုးရတော့မည်။ မက္ကနီလ်းသည် ပရင်ဒါ ဂတ်ကဲ့သို့ ခံမြို့တွင်း ဝင်ခွင့်ရခဲ့သည်ကား မဟုတ်ပေ။ ရပ်သူ ရွာသားများ ထံမှ စုံစမ်း သိရှိသည်ဟု ဆိုသည်။ အရပ်သား များကို ကင်းဆောက်လေ့လာခိုင်းသည်။ အကျာအဝေး အနိမ့် အမြင့် အတိုင်းအတာနှင့် တကွ တိတိကျကျ ရှိလှသည်။ ဝေွး ချောင်းခံမြို့အကြောင်း မက္ကနီလ်း သိသွားသမျှမှာ အောက်ပါ အတိုင်း ဖြစ်သည်။

ခံမြို့သည် ထောင့်မှန်စတုဂံပုံ ဖြစ်၏။ ဘေးဘက်တွင် အ ကာအကွယ်တံတိုင်းမရှိ။ ကျုံးလည်း မရှိချေ။ မြောက်မှတောင် အလျားပေ ၂၄၀ ခန့် ရှည်၍ အနံ ၁၅၅ ပေခန့် ကျယ်သည်။ ခံမြို့ကို နှစ်ပိုင်းခွဲထားဟန် ရှိသည်။

မြောက်ဘက်ခြမ်းသည် တံတိုင်း အလုံကာထားသော ခံတပ် ဖြစ်၏။ အလျား ၁၅၅ ပေ အနံ ၁၂၂ ပေခန့် ရှိသည်။ နံရံ တံတိုင်းများသည် ၁၂ ပေခန့် မြင့်၏။ ပစ်ပေါက်ငယ်များ ရှိ သည်။ အချို့နေရာများ တွင် သုရဲခိုများ ရှိသည်။ ဤမြောက် ဘက်ခြမ်းတွင် ဝင်ပေါက်ကြီးနှစ်ပေါက် ရှိသည်။ အရှေ့မြောက် ထောင့်ဘက်ရှိ ဝင်ပေါက်သည် ၇၂ ပေ ကျယ်၍ အနောက် ဘက်ရှိ ဝင်ပေါက်သည် ၃ ပေ ကျယ်သည်။ ထိုဝင်ပေါက်များ ကို သစ်သား တံခါးကြီးများဖြင့် ပိတ်ထားသည်။ ဝင်ပေါက် များရှေ့တွင် တံတိုင်းမီးတား ကာထားခြင်း မရှိချေ။ ခံတပ် အတွင်းတွင် ၆၄×၄၇ ပေ ကျယ်သော စစ်တန်းလျား အုတ် တိုက် နှစ်ခု ရှိသည်၊ ထို အုတ်တိုက်များ ခေါင်မိုးတွင် ပစ်ပေါက် ငယ်များ ဖောက်ထားသော အုတ်ဘောင်တံတိုင်း တင်ထား သည်။ ထိုအပေါက်ငယ်များမှ မြောက်ဘက်တံတိုင်းနှင့် တောင် ဘက်တံတိုင်းတို့ကို စီးမိုး မြင်ရပုံ ပေါ်သည်။

တောင်ဘက်ခြမ်းသည် မြေတပ်ရိုး ကာထားသော ခံတပ် ဖြစ်၏။ မြောက်ဘက်ခြမ်း၏ တောင်ဘက်နံရံရှိ တံခါးပေါက်မှ တောင်ဘက်ခြမ်းခံတပ်သို့ ဆက်သွယ်ဝင်ရောက်နိုင်သည်။ တောင် ဘက်ခံတပ်သည် ၇၆× ၁၅၅ ပေ ကျယ်၍ မြေတပ်ရိုး သည် အခြေတွင် ၂၇ ပေ ထု ရှိသည်။ အမြောက်ခြောက်လုံး တပ်ဆင် ထားသည်။ ဝဲယာ တပ်ရိုးများသည် တော်ဘက် မျက်နှာစာမှ ပေ ၅၀ ခန့် ရှည်ထွက်နေသဖြင့် အမြောက်တို့ကို တံတိုင်းကာ ထားသကဲ့သို့ ရှိသည်။ မြေတပ်ရိုးပေါ်တွင်လည်း အမြောက် တစ်လုံး တင်ထားသည်။ အရှေ့ဘက်မြေတပ်ရိုးတွင် ကင်းစောင့် တဲ ရှိသည်။ အမြောက်တို့၏ ရှေ့မျက်နှာစာ မြေပြင်သည် ကိုက် ၁၀၀ ခန့် ရှိသော သဘာဝကုန်းလျှော ဖြစ်၏။ တပ်မြို့ရိုးများ အောက်တွင်လက်နက်တိုက်များ၊ ရဲမက်တော်တို့အတွက် မြေတိုက် ခန်းများ ရှိသည်။ ၎င်းတို့ကို မမြင်ရချေ။

ခံမြို့၏ အရှေ့ဘက်ယွန်းယွန်းတွင် တပ်သားများ နေထိုင် ရန် တဲတန်းများ ရှိသည်။ ထို တဲများကို တောင်ဘက်နှင့် အ နောက်ဘက်တွင် မြေကတုတ်များဖြင့် ကာကွယ်ထားသည်။ တောင်ဘက်ရှိ မြေကတုတ်သည် ခံမြို့ အထိ ရှည်သည်။ ခံမြို့နှင့် မြေဘပ်ရိုး အကြားတွင် ၅ ပေနက်သော မြောင်းရှိသည်။ မြောင်းကမ်းပါးစောက်ကို အုတ်အင်္ဂတေဖြင့် မံ... အချော



ဖြတ်ပိုင်းမြင်ကွင်း (ခ) မှ (ဂ) သို့

ဤခံမြို့ကို ၁၈၁၀-၇၁ ခုနှစ် အတွင်းက အိန္ဒိယ သား အရာရှိ နှစ်ဦးက လှည့်လည် ကြည့်ရှု မှတ်သားခဲ့ကြသည်။ ၎င်းတို့သည် ခံမြို့၏ အတိုင်းအတာကို ခြေလှမ်းဖြင့် မှတ်သားခဲ့ကြသည်။ မူလက ဆွဲခဲ့သည့်ပုံများမှာ ကပ္ပတိန် ဆန်ဒီမန် (ဂီအာက်စ်ဗီ)၏ စိတ်ကြိုက်မှတ်မှုဖြင့် ရေးဆွဲခဲ့သည့်ပုံများဖြစ်သည်။ မြစ်ကမ်းဘက်မှနေ၍ ခံမြို့ကို ကျွန်ုပ် လှမ်းကြည့်ရာတွင် လိုက်ကြမ်းမှု အခေသာ်မျှ မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

မေဂျာ ဝေါက်ဂလတ်စ် မက္ကနီလ်း

ဆင်းမလား

၁၃-ဇူလိုင်၊ ၁၈၈၃

(ဤပုံကြမ်းတွင် ပါရှိခဲ့သည့် မေဂျာမက္ကနီလ်၏ မှတ်ချက်ကို မြန်မာဘာသာဖြင့် ပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။

စာရေးသူ

ကိုင်ထားသည်။ တဲများ တည်ရှိရာကုန်းသည် ခံမြို့ထက် အနည်းငယ် မြင့်သည်။ ခံမြို့သည် တောင်ကုန်း၏ ဆင်ခြေလျှောတွင် ရှိ၍ တဲတန်းများမှာ ကုန်းထိပ် မြေပြန့်တွင် ရှိသည်။ တဲများ၏ ကုန်းတွင်းပိုင်းဘက်တွင် အကာအကွယ် ကတုတ် တံတိုင်း စသည် ဆောက်ထားခြင်း မရှိပေ။ တပ်များကို အုပ်ချုပ်သော ဗိုလ်လည်း ခံမြို့ပြင်ဘက် အရှေ့မြောက်ထောင့်ရှိ တဲတစ်ခုတွင် နေသည်။

ခံမြို့တွင် အမြောက် ခြောက်လုံး ခုနစ်လုံး ရှိသည်ဟု ဆို၏။ တပ်သား ၅၀၀ ခန့် ရှိသည်၊ သေနတ်ကိုင် မည်မျှရှိကြောင်း မသိရချေ။ တပ်သားများ ခံမြို့တွင် အမြဲတမ်း နေရသည်။ရံဖန်ရံခါ နေပြည်တော်မှ လာ၍ လူစား အလဲအလှယ် လုပ်သည်။ ခံမြို့အတွင်း လက်နက်တိုက် သို့မဟုတ် လက်နက်အလုပ်ရုံ မရှိဟု ဆိုသည်။ခံမြို့တွင်း သုံးရေ သောက်ရေမည်သို့ ရရှိကြောင်း မသိရချေ။ အတွင်းသို့ မည်သူမျှ ဝင်ခွင့်မရှိဟု အရပ်သားများက ပြောပြသည်။

**မက္ကနီလ်၏ မှတ်ချက်**

မက္ကနီလ်းသည် ခံမြို့အကြောင်း လေ့လာ ထောက်လှမ်းပေးသူ အရပ်သားထံမှ ရရှိသည့် အချက်အလက်များပေါ် မူတည်၍ သူ မြင်တွေ့ရသမျှနှင့် ပူးပေါင်းကာ ဤသို့ မှတ်ချက် ရေးသားသည်။ ခံမြို့ကို မည်သို့ ထိုးစစ်ဆင်ရမည်ကိုပါ အကြံပေးထားသည်။

ဝွေးချောင်းခံမြို့ကို ၁၈၈၁ ခု ဒီဇင်ဘာလအတွင်း ရေဝတီကို ဆန်စဉ်ကာ တစ်ကြိမ်၊ ၁၈၈၂ ခု ဇန်နဝါရီလအတွင်း အစုန်တွင် တစ်ကြိမ် ပေါင်း နှစ်ကြိမ် ဖြတ်သန်းသွားခဲ့သည်။ထောက်လှမ်းပေးသူ အရပ်သားများထံမှ ရသော အချက်အလက်များ မှန်ကန်ပုံ ပေါ်သည်။ခံမြို့တောင်ဘက် မျက်နှာစာသည် ရေဝတီမြစ်ပြင်ကို နှစ်မိုင်ခန့် အဝေးကမှ မြင်ရသည်။ အနောက်ဘက် မျက်နှာစာမှာ နိမ့်ဟန် တူသည်။ တပ်မြို့ရိုးပေါ်တွင် လူသွားလမ်းကြောင်းများကို အထင်းသား မြင်တွေ့နေရသည်။ ကျုံးမြောင်း မရှိကြောင်း ထင်ရှားသည်။

ကျွန်ုပ် ဖြတ်သွားစဉ်က အမြောက် တပ်ဆင်ထားခြင်း မတွေ့ရချေ။ ၁ လက်မ-၂လက်မ စိန်ငယ်နှစ်လုံးသာ မြင်ရသည်။ ခံတပ်အတွင်း ထိုစိန်မျိုး ဆယ်လုံးခန့် ရှိသည်ဟု သိရသည်။ခံမြို့ရှိ တပ်သား ၅၀၀ ခန့်ကို အီတာလျံ တစ်ဦးက ဦးစီးကြီးကြပ်၍ စစ်ပညာ သင်ကြားပေးသည်ဟု ဆိုသည်။ သို့သော် ထိုစစ်သားအားလုံး သေနတ် ကိုင်ဆောင်နိုင်ခြင်း ရှိဟန်မတူချေ။

ကုန်းအနောက်ဘက်ခြမ်းသည် မြစ်ဘက်သို့ တဖြည်းဖြည်း ဆင်ခြေလျှော ဆင်းသွားသည်၊ အရှေ့ဘက်ရှိ တံတိုင်းကတုတ်သည် နိမ့်၍ အလွယ်တကူ ကျော်ဖြတ်နိုင်မည် ဟု ဆိုသည်။ ခံမြို့ကို ထိုးစစ်ဆင်ရန်မှာ ခဲယဉ်းအံ့ မထင်ပါ။ထိုးစစ် တပ်အင်အားနှင့် မြန်မာတို့၏ ခံစစ် လက်နက်အင်အားပေါ် မူတည်ပေမည်။

ခံမြို့ကို တက်ရောက်သိမ်းယူမည့် တပ်ဖွဲ့များ ပတ္တနဂိုသို့ ရောက်လျှင် ခြေလျင်တပ်ဖွဲ့ အနည်းငယ်ပါသော အမြောက်တင် သင်္ဘောများက ရှေ့သို့ ဆက်လက် ဆန်တက်၍ ခံမြို့ အောက် ကိုက် ၂၀၀၀ ခန့်တွင် ရပ်ပြီးလျှင် ခံမြို့ကိုအမြောက်ဖြင့် စတင် ပစ်ခတ်ရမည်။ ထို အချိန်တွင် တပ်များက ကုန်းသို့ တက်၍ ခံမြို့ဘက်သို့ ချီတက်ရမည်။ ပတ္တနဂိုမှ ခံမြို့သို့ လမ်းကောင်းသည်ဟု အရပ်သားများက ပြောသဖြင့် တောင်ပေါ်ပစ် အမြောက်တပ် တစ်ခုပါ ခံမြို့အရှေ့ဘက်တောင်ကုန်းသို့ အလွယ်တကူ ရောက်နိုင်မည်၊ ပတ္တနဂိုမှ လာလော လမ်းကို ခံမြို့အနီး ကိုက် ၂၀၀ ခန့် ရောက်မှ ခံမြို့ပေါ်က မြင်သာသည်။ ထို့ကြောင့် ခံမြို့ကို တိုက်ခိုက်သိမ်းယူရန်မှာ နာရီပိုင်း အလွန်ဆုံး နှစ်နာရီခန့်အတွင်း အလွယ်တကူ ပြီးစီးနိုင်မည်။

ခံမြို့ တည်ဆောက်ထားသော နေရာ အကွက်အကွင်း ကား အလွန် ကောင်းပါသည်။ သို့သော် ခံမြို့ တည်ဆောက်ထားပုံမှာ ကဲ့ရဲ့ ရှုတ်ချဖွယ် ကောင်းလှသည်။ ၄၀ ပေါင်ဒါ အမြောက်ဆန် အနည်းငယ်ဖြင့်ပင် ခံမြို့ကို အစိတ်စိတ် အမွှာမွှာ ဖြစ်စေနိုင်မည်။

ဟု မက္ကနီလ်း က ထင်မြင်ချက် အကြံပေးချက်များရေးသားခဲ့သည်။

အင်္ဂလိပ်တို့ကား ငွေးချောင်းခံမြို့နှင့် စပ်လျဉ်း၍ ဖော်ပြပါ အချက်အလက်များကိုသာ မက ခံမြို့ ပုံစံ (Plan) ကိုပါ ၁၈၈၃ ခုနှစ်ကပင် ရရှိထားကြသည်။ ထို ပုံစံကို အိန္ဒိယ စစ်ထောက်လှမ်းရေး ဌာနတွင် စနစ်တကျ ရေးဆွဲ၍ တောင်နှင့် မြောက်၊ အရှေ့နှင့်အနောက် ဖြတ်ပိုင်းပုံ (Section) ပုံများပါ ပြုစုထားသည်။ ထို ပုံ၏ အောက်ခြေတွင်-

> ခံမြို့ကို ၁၈၈၀-၈၁ ခုတွင် အရပ်သား နှစ်ဦးကင်းထောက် လေ့လာသည်။ အကျယ်အဝန်း အမြင့် အတိုင်းအတာများကို ခြေလှမ်းဖြင့် မှတ်သားပေးသည်။ ကက်ပတိန် ဆန်ဒီမန်၏ ကြီးကြပ်မှုဖြင့် ခံမြို့ ပုံစံကို ရေးဆွဲသည်။ မြစ်တွင်းမှ မြင်ခဲ့ရသမျှ အတိုင်း ပြောရလျှင် ရေးဆွဲထားသော ဤ ပုံစံသည် မှန်ကန်ဟန်တူသည်။

ဟု မက္ကနီလ်း က ဆင်မယာမြို့ ၁၈၈၃ ခု ဇူလိုင်လ ၁၃ ရက် နေ့စွဲ ထိုး၍ မှတ်ချက် ရေးထားသည်။



ဖြတ်ပိုင်းမြင်ကွင်း (ဂ) မှ (ဃ) သို့

**တတိယစစ်နှင့် ငွေးချောင်းခံမြို့**

ဂျင်နရယ် ပရင်ဒါဂတ် ဦးစီးသော ဗြိတိသျှ ပြည်သိမ်းတပ်များ ရေဝတီကြောင်း ဆန်တက်လာသောအခါ ပြည်လုံးအုံ လှေသင်းဗိုလ် မင်းကျော် သိဒ္ဓိရန်အောင် (မောင်စံလှ) နှင့် လှေသင်း အမှုထမ်း လူ ငါးရာ၊ အမြောက် သုံးရေ နှစ်၊ စိန်လက်ရေ ငါး ပါသော တပ်ကို ငွေးချောင်းခံမြို့က စည်းကြပ်ရပ်နေစေသည်။ ခံမြို့တွင် ရှိရင်း ရဲမက်များနှင့်သော် တိုက်ပွဲဖြစ်ပွားသည့် ၁၈၈၅ ခု နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်က ရဲမက် အင်အား ၁၇၀၀ ခန့် ရှိသည်။

ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီးတွင် မင်းလှခံမြို့နှင့် ငွေးချောင်းခံမြို့တို့ ရန်သူ့လက်သို့ ကျဆုံးသွားပုံကို အောက်ပါအတိုင်း ဖော်ပြထားသည်။

> မင်းလှခံမြို့ ငွေးကြောင်းခံမြို့များကို အင်္ဂလိပ် စစ်သည်တို့က ကြည်းအား ရေအား ချီတက်၊ စစ်နှစ်ဘက်ညှပ်၍၊ ဗုန်း အမြောက် သေနတ် လက်နက် တို့နှင့် ပစ်ခတ် တိုက်ခိုက်ကြရာ၊ ပြည်လုံးအုံ လှေသင်းဗိုလ်၊ ရွှေးကြီးလှေသင်းဗိုလ်တို့ကလည်း အမြောက် သေနတ် လက်နက်များနှင့် မီးပေါက်မိုး ရွာ၏သို့ ခုခံ ပစ်ခတ် တိုက်ခိုက်သဖြင့်၊ အင်္ဂလိပ် ကြည်းကြောင်း တပ်များ မတက်နိုင်ဘဲ တန့်၍ နေပြီးနောက်၊ အထိအခိုက် အရှုံးအနခံ၍ မြို့ခြေရောက် ချဉ်းကပ်လာသည်တွင်၊ စစ်သည် ဗိုလ်ခြေ အင်အားချင်း မမျှသောကြောင့်၊ မြန်မာ ရဲမက်တော် လူ ခုနစ်ရာ၊ အမြောက်လုံးရေ သုံးဆယ့်ငါးနှင့်တကွ၊ မင်းလှခံမြို့ကို အင်္ဂလိပ် စစ်ဗိုလ်ကြီးက ရလေသည့်ပြင်၊ ငွေးကြောင်းခံမြို့ကိုလည်း အင်္ဂလိပ်စစ်သည်တို့က ရလေ၏။



တဖက်မှ နေ၍ တွေ့ရသော ငွေးချောင်းခံ မြို့မြင်ကွင်း . . .

(တောင်ဘက်ခြမ်း)

မြန်မာ အထောက်အထားတွင် ခံမြို့ နှစ်ခု ကျဆုံးပုံကို ဤမျှသာ ဖော်ပြထားသည်။ ထိုသို့ ဖော်ပြရာ၌လည်း မင်းလှခံမြို့ကို အသားပေး၍ ရေးသားထားသည့် အပြင် မင်းလှခံမြို့ ကို အင်္ဂလိပ် စစ်ဗိုလ်ကြီးက ရသည်၊ ငွေးချောင်းခံမြို့ ကို အင်္ဂလိပ် စစ်သည်များက ရသည်ဟု ဆိုထားသည်။ အမှန်မှာ ငွေးချောင်းခံမြို့ကို ဂျင်နရယ် ပရင်ဒါဂတ် ကိုယ်တိုင် တိုက်ခိုက် သိမ်းပိုက်ခြင်း ဖြစ်သည်။ ထိုကြောင့် ဂျင်နရယ်ပရင်ဒါဂတ် ၏ ဗိုင်ယာ

တွင် ငွေးချောင်းခံမြို့ သိမ်းပိုက်ပုံကို အားပါးတရ ရေးသားထားသည်။ ခံမြို့ကို တိုက်ခိုက် သိမ်းပိုက်ပုံသည် မေဂျာမက္ကနီလ်း အကြံပေးထားသည့် အတိုင်းဖြစ်၏။ ပရင်ဒါဂတ်၏ ဒိုင်ယာရီပါ အချက်အလက်များကို အနှစ်ချုပ်လိုက်လျှင် အောက်ပါ အတိုင်း ဖြစ်ပါသည်၊

၁၈၈၅ ခုနိုဝင်ဘာလ ၁၇ ရက်နေ့ နံနက် ၈း၀၀ နာရီတွင် သင်္ဘောများ ရောဝတီ လက်ဝဲဘက်ကမ်း ပတ္တနကို အထက်နားသို့ ရောက်ကြသည်၊ ငွေးချောင်းခံမြို့တွင် အလံများ တလူလူ လွှင့်ထားသည်၊ ယူနီဖောင်း ဝတ်ထားသော မြန်မာ စစ်သားများ တပ်ရှိုး ကတုတ်ပေါ်တွင် သွားလာနေကြသည်ကို အထင်းသား မြင်ရသည်၊

၉း၃၀ နာရီတွင် တပ်များ ကမ်းသို့တက်၍ လှည်းလမ်းကြောင်းအတိုင်း ခံမြို့ဘက်သို့ စတင် ချီတက်သည်။ ထိုသို့တပ်များ ချီထက်နေစဉ် သင်္ဘောများမှ ပစ်သော အမြောက်သံများ ခံမြို့မှ ပြန်လှန် ပစ်သော အသံများကို ကြားနေရသည်၊ ရောဝတီနှင့် ဘက်သလင်း တို့သည် ခံမြို့နှင့် ကိုက် ၁၈၀၀ခန့် အနီးသို့ အထိ ချဉ်းကပ်၍ ၂၀ပေါင်ဒါ၊၉ ပေါင်ဒါအမြောက်များဖြင့် ထုသည်၊ နော်ဒင်ဖဲ နှင့် ဂါဒနာ စက်သေနတ်များကလည်း တပ်ရိုး ကတုတ်များကို ကျည်ဆန်မိုး ရွာသကဲ့သို့ အဆက်မပြတ် ပစ်ခတ်သည်။ ရန်သူများက ပြန်ပစ်သော အမြောက်ဆန်များကား သင်္ဘောများအနီး ကိုက် ၃၀၀ ဝန်းကျင်သို့သာ ရောက်ကြသည်။

ကုန်းကြောင်းချီ တပ်များ တောလမ်းကြားတွင် ဘယ်ညာ တောင်ပ ဖြန့်၍ မချီနိုင်။ ဖြည်းဖြည်းမှန်မှန်နှင့်ပင် ၁၂ း ၁၅ နာရီတွင် ဘုရားဖြူဖြူရှိ ကုန်းအနီးသို့ ရောက်ကြသည်။မြန်မာ စစ်သားများ အမြောက် တစ်လက်ကို ခံမြို့တွင်းသို့ ဆွဲသွင်းနေကြသည်ကို မြင်ရသည်။

နောက် ကျန်နေသူများကို ခေတ္တ နား၍ စောင့်ပြီးနောက် ဘုရားဖြူဖြူ ရှိရာ ကုန်းသို့ ဦးတည် ချီတက်သည်။ ကိုက် ၅၀၀ ခန့် အကွာတွင် ချုံနွယ် ရှင်းလင်း၍ လမ်းသာလာသည်။ ရှေ့ဦးချီ တပ်များက စတင် ပစ်ခက်ရာ မြန်မာ စစ်သားများ ပြန်လည် ပစ်ခတ်ခြင်း မရှိဘဲ ခံမြို့တွင်းသို့ ဆုတ်သွားကြသည်။

ကြိုတင် စီစဉ် ချိန်းချက်ထားသည့် အတိုင်း ဘုရားဖြူဖြူ ပေါ်တွင် အလံလွှင့်တင်လိုက်သည်၊ ကုန်းတပ်၏ အခြေအနေကို သင်္ဘောများမှ သိစေရန် ဖြစ်၏။ စစ်သားများ နေထိုင်ရာ တဲတန်းဆီသို့ဆက်လက် ချီတက်သည်။ ကိုမိုကို ၏ အိမ်လည်း တဲများ အကြားတွင် ရှိသည်၊ ထို အိမ်တွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရ။ ဤ နေ ရာ မှ ခံမြို့ တွင်းသို့ အပေါ်စီးနှင့် မြင်ရသည်။ ခံမြို့တွင်းရှိ တပ်သားများသည် ရန်သူ အနီးသို့ ရောက်နေကြောင်း သိဟန်ကြမတူ၊ ဗိုလ် နှစ်ယောက် မြင်းကိုယ်စီနှင့် စစ်တဲတန်းများဘက်သို့ ထွက်လာသည်၊ ကျွန်ုပ်တို့၏ ရှေ့ဦးချီတပ်ကို မြင်သည်တွင် လှည့်၍ ပြန်ပြေးသည်။ သို့သော် ကျွန်ုပ် လူများက သူတို့ကို ဖမ်းမိလိုက်သည်။ လှေသင်းဗိုလ် မောင်စံလှသည် မြင်းပေါ်မှ ဆင်းကာ ကမ်းပါးစောက်မှ လှိမ့်ချသွားသဖြင့် လွတ်သွားသည်။

ဆူဆူညံညံ အသံများကြောင့် မြန်မာ တပ်သားများ ပြေးထွက်လာကြသည်။ ကျွန်ုပ်တို့က ဆီး၍ ပစ်ခတ်လိုက်သောအခါ



ငွေးချောင်း ခံမြို့
အနောက်ခြမ်း မြင်ကွင်း

လက်နက်များ အထုပ်အပိုးများကို ယူ၍ ဖရိုဖရဲ ထွက်ပြေးကြသည်။ အများအပြား ကျည်သင့်၍ ကျဆုံးသည်။ ကာနယ်စလေဒင်နှင့် အရာရှိ အချို့ ခေါင်းဆောင်သော တပ်ဖွဲ့တစ်စုက ခံမြို့အရှေ့ဘက်သို့ ကပ်ရန် ထိုးတက်၍ အရှေ့မြောက်ရှိ တံခါးပေါက်ကို ဖျက်ချိုးကာ အတွင်းသို့ ဝင်ကြသည်။ ထိုနောက် မေဂျာဝီလ် ကင်ဆင်၏ တပ်က နံရံတံတိုင်းကို လှေကား ထောင်တက်၍ ခံမြို့တွင်းသို့ ဝင်သည်။ နေ့လယ် ၁း၀၀ နာရီတွင် အရေးပါလှသော ငွေးချောင်းခံမြို့ ကျွန်ုပ်တို့ လက်သို့ လုံးဝ ကျရောက်သည်။

လက်ရဖမ်းမိလိုက်သော မြန်မာ စစ်သားနှစ်ဦးက ကုန်းတွင်းမှ ဤသို့ ချီတက် တိုက်ခိုက်မည်ဟု လုံးဝ မမျှော်လင့် မထင်မှတ်ကြကြောင်း၊ သင်္ဘော မှ ပစ်သော အမြောက်ဆန်များ ခံမြို့တွင်း၌ ပေါက်ကွဲသော်လည်း ထိခိုက် ဒဏ်ရာရသူမရှိကြောင်း၊ ပြန်လည် ပစ်ခတ်၍ အကျိုးထူးမည် မဟုတ်ဟု သိမြင်ကြောင်း ပြောပြသည်။

ငွေးချောင်းခံမြို့ ကျွန်ုပ်တို့ လက်သို့ ကျရောက်ပြီးနောက် တစ်နာရီခန့် အကြာတွင် ဂျင်နရယ်ပ္ရိုက် ၏ တပ်များ ပတ္တနာကို လမ်းမှ ခရီးပြင်း ချီတက် ဆိုက်ရောက်လာကြသည်။

တစ်ဘက်ကမ်းတွင် မင်းလှခံမြို့ ကို အပြင်းအထန် တိုက်ခိုက်နေကြသည်။ ကျွန်ုပ်တို့ အားလုံး ငွေးချောင်းခံမြို့ပေါ်မှ တက်ကြည့်နေကြသည်။ ထိုးစစ် ခံစစ် တပ်များ၏ လှုပ်ရှား တိုက်ခိုက်နေကြပုံနှင့် မီးလောင်နေသော မင်းလှမြို့၏ ရှုမြင်ကွင်းကား အထူး စိတ်တက်ကြွ လှုပ်ရှားဖွယ် ကောင်းလှသည်။

အရပ်သားများ တဖြည်းဖြည်း ပြန်ဝင်လာကြသည်။ ငွေးချောင်းခံမြို့ကို ကုန်းတွင်းပိုင်းမှ ဤသို့ ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟု လုံးဝမမျှော်လင့်ကြောင်း၊ တပ်များအားလုံး မြစ်တွင်းမှ သင်္ဘောများပေါ်တွင် အာရုံ စူးစိုက်နေကြကြောင်း၊ ထိုနေ့နံနက်က ခံတပ်အတွင်း အင်အား ၁၇၀၀ ရှိကြောင်း၊ လွန်ခဲ့သည့် သုံးရက်ခန့်က မန္တလေးဘက်မှ လှေ သင်္ဘောများဖြင့် လူ ၁၀၀၀ ခန့် အင်အားဖြည့်ထားခြင်းဖြစ်ကြောင်း၊ လှေသင်းဗိုလ်မောင်စံလှသည် ရန်သူတပ်များအဝင်တွင် ခံမြို့ကို စွန့်ခွာထွက်သွားကြောင်း၊ အရပ်သားများထံမှ ကြားသိရသည်။